**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ် ( ၇/၂၀၁၇ )**
**နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေသြဇာဥပဒေပုဒ်မ - ၄၈ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤလုပ်ထုံးလုပ်နည်းကို **"မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ"** ဟု ခေါ်တွင်စေရမည်။

၂။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော **"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကား ရပ်ဖြင့် အစားထိုးရမည်။

၃။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊(ဃ)၊ (င) နှင့်(စ)တို့ကို ပယ်ဖျက်ရမည်။

၄။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြေသြဇာထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ပုံစံ(၁)ဖြင့်လည်းကောင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းအတွက် ပုံစံ(၂)ဖြင့်လည်းကောင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်းအတွက် ပုံစံ(၃)ဖြင့်လည်းကောင်း လျှောက်ထားရမည်။

(ခ) ပေါင်းသတ်ဆေး ရောနှောပါဝင်သော မြေသြဇာများနှင့်စပ်လျဉ်း ၍ မှတ်ပုံတင် လက်မှတ်လျှောက်ထားရာ၌ မြေသြဇာတွင်ပါဝင်သော ပေါင်းသတ်ဆေး ကို သက်ဆိုင်ရာ ဥပဒေအရ မှတ်ပုံတင်ထားပြီးကြောင်း သက်သေခံ အထောက်အထားနှင့်အတူ အပိုဒ်ခွဲ(က)ပါ သက်ဆိုင်သည့်ပုံစံဖြင့် မြေသြဇာကော်မတီသို့ လျှောက်ထားရမည်။"

၅။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၄)တွင် ပါရှိသော "အပိုဒ်(၂၂)"၊ အပိုဒ်(၂၅) တွင် ပါရှိသော "အပိုဒ်(၂၁)"နှင့် အပိုဒ် (၂၆)တွင် ပါရှိသော "အပိုဒ်(၂၁)" ဟူသည့် စကားရပ် တို့ကို "အပိုဒ်(၂၃)" ဟူသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)၏ အောက်တွင် အပိုဒ်ခွဲ (င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) စစ်ဆေးရေးအဖွဲ့များအား သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်လေ့ကျင့်ပေးရမည်။"

၇။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၈ အပိုဒ်ခွဲ(စ)ကို အောက်ပါအတိုင်း အစား ထိုးရမည် -

"(စ) မြေသြဇာများ၏ အာနိသင်၊ အရည်အသွေး၊ စံချိန်စံညွှန်းတို့နှင့် စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာရောင်းချခြင်း မပြုရ။ မှတ်ပုံတင်ခွင့်ပြုထားသော မြေသြဇာများ ကိုသာ ကြော်ငြာ ရောင်းချရမည်။"

၈။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၉။ မြေသြဇာကို သိုလှောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရယူရန် လျှောက် ထားရမည်။"

၉။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၇ တွင် -

(က) အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) လိုင်စင်တွင် ဖော်ပြထားသော မြေသြဇာများကိုသာ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်း ပြုလုပ်ရမည်။"

(ခ) အပိုဒ်ခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) ပြည်တွင်းတွင် သိုလှောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမား များ၏ ကျန်းမာရေး၊ လူမှုရေးကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်း ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

(ဂ) အပိုဒ်ခွဲ(ဃ)ကို ပယ်ဖျက်ရမည်။

(ဃ) အပိုဒ်ခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါ အချက်များကိုဖော်ပြရမည်။

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေသြဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့်ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက် များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။"

(င) အပိုဒ်ခွဲ(ည)တွင်ပါရှိသော "အပိုဒ်ခွဲ ၁၂ အရစစ်ဆေးရာတွင်"ဟူသောစကားရပ်ကို ပယ်ဖျက် ရမည်။

၁၀။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၈ ကို ပယ်ဖျက်ရမည်။

၁၁။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၂။ ညွှန်ကြားရေးမှူးချုပ်သည် အရည်အသွေး၊ စံချိန်စံညွှန်း လျော့နည်းနေကြောင်း စစ်ဆေး တွေ့ရှိလျှင် မြေသြဇာကော်မတီသို့ အမြန်ဆုံးတင်ပြရမည်။"

၁၂။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မြေသြဇာဓာတ်ခွဲစမ်းသပ်ခြင်းလုပ်ငန်းကို မြေသြဇာကော်မတီက အသိအမှတ်ပြုထား သည့် ဓာတ်ခွဲခန်းကသာ စစ်ဆေးရမည်။

(ခ) အပိုဒ်ခွဲ(က)အရ စစ်ဆေးရာတွင် မြေသြဇာအရည်အသွေး၊ စံချိန်စံညွှန်း စစ်ဆေးတွေ့ရှိ ချက် သက်သေခံလက်မှတ်ပုံစံ(၁၇)ကို ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲ၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာဦးစီးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့နှင့် နမူနာပိုင်ရှင် တို့ထံ တစ်စောင်စီ ထုတ်ပေးရမည်။

(ဂ) ညွှန်ကြားရေးမှူး၊ မြေအသုံးချရေးဌာနခွဲသည် အရည်အသွေး၊ စံချိန်စံညွှန်း လျော့နည်းနေကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံသို့ အမြန်ဆုံးတင်ပြရမည်။

(ဃ) ဓာတ်ခွဲစမ်းသပ်စစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာလျှင် စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"

၁၃။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၅ ပါ "မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း" ဟူသည့် စကားရပ်ကို "စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ပေးအပ်ထားသော ပုဂ္ဂိုလ် သို့မဟုတ်အဖွဲ့" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၅၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

" ၅၇။ မြေသြဇာကော်မတီသည် -

(က) ခွင့်ပြုထားခြင်းမရှိသော မြေသြဇာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်း မရှိစေရန် စစ်ဆေးနိုင်သည်။

(ခ) အပိုဒ်ခွဲ(က)ပါ ကိစ္စရပ်ကို စစ်ဆေးနိုင်ရန် နယ်စပ်ကုန်သွယ်ရေး စခန်းများတွင် လိုအပ်သည့် ဆပ်ကော်မတီကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။"

၁၅။ မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်လျှောက်လွှာ ပုံစံ(၁)ကို နောက်ဆက်တွဲ(က)အတိုင်း အစားထိုးရမည်။

၁၆။ ပြည်ပသို့ မြေသြဇာတင်ပို့သူ မှတ်ပုံတင်လက်မှတ်လျှောက်လွှာ ပုံစံ(၂)ကို နောက်ဆက်တွဲ (ခ)အတိုင်း အစားထိုးရမည်။

၁၇။ ပြည်တွင်းသို့ မြေသြဇာတင်သွင်းသူ မှတ်ပုံတင်လက်မှတ် လျှောက်လွှာ ပုံစံ(၃)ကို နောက်ဆက်တွဲ (ဂ)အတိုင်း အစားထိုး ရမည်။

၁၈။ မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ် ပုံစံ(၄)ကို နောက်ဆက်တွဲ (ဃ)အတိုင်း အစားထိုးရ မည်။

၁၉။ ပြည်ပသို့ မြေသြဇာတင်ပို့ရန် မှတ်ပုံတင်လက်မှတ် ပုံစံ(၅) ကို နောက်ဆက်တွဲ (င)အတိုင်း အစားထိုး ရမည်။

၂၀။ ပြည်တွင်းသို့ မြေသြဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ် ပုံစံ(၆) ကို နောက်ဆက်တွဲ (စ) အတိုင်း အစားထိုးရမည်။

၂၁။ မြေသြဇာအရည်အသွေးစစ်ဆေးရန် နမူနာရယူသည့်ပုံစံ(၁၂)ကို နောက်ဆက်တွဲ (ဆ)အတိုင်း အစားထိုးရမည်။

၂၂။ မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင်လျှောက်လွှာ ပုံစံ(၁၃) ကို နောက်ဆက်တွဲ (ဇ)အတိုင်း အစားထိုးရမည်။

၂၃။ မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းခွင့်ပြုလိုင်စင် ပုံစံ(၁၄)ကို နောက်ဆက်တွဲ (ဈ)အတိုင်း အစားထိုး ရမည်။

၂၄။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်လွှာ ပုံစံ(၁၅)ကို နောက်ဆက်တွဲ(ည)အတိုင်း အစားထိုးရမည်။

၂၅။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ပုံစံ(၁၆)ကို နောက်ဆက်တွဲ (ဋ)အတိုင်း အစားထိုးရမည်။

၂၆။ မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း လျှောက်လွှာ ပုံစံ (၁၈) ကို နောက်ဆက်တွဲ (ဌ)အတိုင်း အစားထိုးရမည်။

၂၇။ မြေသြဇာထုတ်လုပ်ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်း ပုံစံ (၁၉) ကို နောက်ဆက်တွဲ (ဍ)အတိုင်း အစားထိုးရမည်။

၂၈။ မြေသြဇာ တင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း လျှောက်လွှာ ပုံစံ (၂၀) ကို နောက်ဆက်တွဲ (ဎ)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၂၉။ မြေသြဇာ တင်သွင်းခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်း ပုံစံ(၂၁)ကို နောက်ဆက်တွဲ (ဏ)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၃၀။ မြေသြဇာ တင်ပို့ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း လျှောက်လွှာ ပုံစံ (၂၂) ကို နောက်ဆက်တွဲ (တ)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၃၁။ မြေသြဇာ တင်ပို့ခွင့်မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်းပုံစံ(၂၃)ကို နောက်ဆက်တွဲ (ထ) အတိုင်း ထပ်မံ ဖြည့်စွက်ရမည်။

၃၂။ မြေသြဇာ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း လျှောက်လွှာ ပုံစံ (၂၄) ကို နောက်ဆက်တွဲ (ဒ)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၃၃။ မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း ပုံစံ (၂၅)ကို နောက်ဆက်တွဲ (ဓ)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၃၄။ မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း လျှောက်လွှာ ပုံစံ (၂၆) ကို နောက်ဆက်တွဲ (န)အတိုင်း ထပ်မံဖြည့်စွက်ရမည်။

၃၅။ မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း ပုံစံ (၂၇)ကို နောက်ဆက်တွဲ (ပ)အတိုင်း ထပ်မံ ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုဝန်ကြီး
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

**နောက်ဆက်တွဲ(က)**

ပုံစံ(၁)

## မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်လျှောက်လွှာ

နေ့စွဲ၊ - -

သို့

အတွင်းရေးမှူး
မြေသြဇာကော်မတီ
နေပြည်တော်။

**အကြောင်းအရာ။ ။ မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကိစ္စ။**

မြေသြဇာထုတ်လုပ်ရန်အတွက် မှတ်ပုံတင်လက်မှတ် ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ

(က) အမည် ----------------------------------------------

(ခ) ကုမ္ပဏီအမည် ----------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ----------------------------------------------

နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ----------------------------------------------

၃။ ပညာအရည်အချင်း ----------------------------------------------

၄။ အမြဲတမ်း နေရပ်လိပ်စာ ----------------------------------------------

၅။ မြေသြဇာ ထုတ်လုပ်သည့် ----------------------------------------------

နေရာအဆောက် ----------------------------------------------

အဦးလိပ်စာ ----------------------------------------------

(က) အဆောက်အဦးအမျိုးအစား ----------------------------------------------

( အမိုး၊ အကာ၊ အခင်း ) ----------------------------------------------

(ခ) ဧရိယာအကျယ်အဝန်း ----------------------------------------------

(ဂ) စက်ရုံမှတ်ပုံတင် ရရှိပြီး/မပြီး ----------------------------------------------

(ဃ) စက်မှုဝန်ကြီးဌာနမှခွင့်ပြုသည့် ----------------------------------------------

မှတ်ပုံတင်အမှတ်နှင့် နေ့စွဲ ----------------------------------------------

၆။ ထုတ်လုပ်မည့်မြေသြဇာ

(က) အမည် ------------------------------------------------

(ခ) စံချိန်းစံညွှန်းများ --------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း

(၁) အမျိုးအစား ------------------------------------------------

(၂) အရွယ်အစား ------------------------------------------------

(၃) အသားတင်အလေးချိန် ------------------------------------------------

၇။ နှစ်အလိုက်ထုတ်လုပ်ရန် ခန့်မှန်း ------------------------------------------------
ပမာဏ (မက်ထရစ်တန်/လီတာ)

၈။ ထုတ်လုပ်မည့်တာဝန်ရှိပုဂ္ဂိုလ်

(က) အမည် ------------------------------------------------

(ခ) ပညာရပ်ဆိုင်ရာအရည်အချင်းနှင့်အတွေ့အကြုံ ----------------------------------------
------------------------------------------------------------------------------------

၉။ အခြားအချက်အလက်များ

(က) ပညာရပ်ဆိုင်ရာအချက်အလက်များ ------------------------------------------------

(ခ) ထုတ်လုပ်မှုနည်းစနစ်အကျဉ်း ------------------------------------------------

(ဂ) ဘေးထွက်/ စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ဆောင်ရွက်ထားရှိသည့်

အစီအစဉ်---------------------------------------------------------------------------
------------------------------------------------------------------------------------

"မှတ်ချက်" အသေးစိတ် အချက်အလက်များကို နောက်ဆက်တွဲဖြင့် ဖော်ပြရမည်။

---------------------------------

( လျှောက်ထားသူ၏လက်မှတ် )

**နောက်ဆက်တွဲ (ခ)**

ပုံစံ (၂)

## ပြည်ပသို့ မြေသြဇာ တင်ပို့သူ မှတ်ပုံတင်လက်မှတ်လျှောက်လွှာ

နေ့စွဲ၊      -      -

သို့

အတွင်းရေးမှူး
မြေသြဇာကော်မတီ
နေပြည်တော်

အကြောင်းအရာ။ **ပြည်ပသို့ မြေသြဇာတင်ပို့သူ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းကိစ္စ။**

ပြည်ပသို့ မြေသြဇာတင်ပို့ရန်အတွက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
   (က) အမည် ---------------------------------------------
   (ခ) ကုမ္ပဏီအမည် ---------------------------------------------
၂။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်/ ---------------------------------------------
   နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---------------------------------------------
၃။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------
၄။ ပြည်ပသို့ တင်ပို့လိုသည့် မြေသြဇာ
   (က) အမည် ---------------------------------------------
   (ခ) စံချိန်စံညွှန်း ---------------------------------------------
   (ဂ) ထုပ်ပိုးပစ္စည်း ---------------------------------------------
      (၁) အမျိုးအစား ---------------------------------------------
      (၂) အရွယ်အစား ---------------------------------------------
      (၃) အသားတင်အလေးချိန် ---------------------------------------------
၅။ နှစ်အလိုက် တင်ပို့ရန်ခန့်မှန်း ---------------------------------------------
   ပမာဏ(မက်ထရစ်တန်/လီတာ)

"**<u>မှတ်ချက်</u>**"။ ပြည်ပသို့ တင်ပို့ရန် ထောက်ခံစာ လျှောက်ထားသည့်အခါ ပြည်ပသို့ တင်ပို့မည့် မြေသြဇာ နမူနာများကို မြေသြဇာကော်မတီမှ သတ်မှတ်ထားသော နည်းလမ်းအတိုင်း တပါတည်း ပေးပို့ပါသည်။

---------------------------------

(လျှောက်ထားသူ၏ လက်မှတ်)

**နောက်ဆက်တွဲ (ဂ)**

ပုံစံ (၃)

**ပြည်တွင်းသို့ မြေသြဇာ တင်သွင်းသူ မှတ်ပုံတင်လက်မှတ်လျှောက်လွှာ**

နေ့စွဲ၊ - -

သို့

အတွင်းရေးမှူး
မြေသြဇာကော်မတီ
နေပြည်တော်

အကြောင်းအရာ။ **ပြည်တွင်းသို့ မြေသြဇာတင်သွင်းသူ မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းကိစ္စ။**

ပြည်တွင်းသို့မြေသြဇာတင်သွင်းရန်အတွက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၁။ လျှောက်ထားသူ
(က) အမည် ---------------------------------------------
(ခ) ကုမ္ပဏီအမည် ---------------------------------------------
၂။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်/ ---------------------------------------------
နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---------------------------------------------
၃။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------
၄။ ပြည်တွင်းသို့ တင်သွင်းလိုသည့် မြေသြဇာ ---------------------------------------------
(က) အမည် ---------------------------------------------
(ခ) စံချိန်စံညွှန်း ---------------------------------------------
(ဂ) ထုပ်ပိုးပစ္စည်း ---------------------------------------------
(၁) အမျိုးအစား ---------------------------------------------
(၂) အရွယ်အစား ---------------------------------------------
(၃) အသားတင်အလေးချိန် ---------------------------------------------
၅။ နှစ်အလိုက် တင်သွင်းရန်ခန့်မှန်း ---------------------------------------------
ပမာဏ(မက်ထရစ်တန်/လီတာ)

**"<u>မှတ်ချက်</u>"**။ ပြည်တွင်းသို့ တင်သွင်းရန် ထောက်ခံစာ လျှောက်ထားသည့်အခါ ပြည်တွင်းသို့ တင်သွင်း မည့် မြေသြဇာနမူနာများကို မြေသြဇာကော်မတီမှ သတ်မှတ်ထားသော နည်းလမ်း အတိုင်း တပါတည်း ပေးပို့ပါသည်။

-----------------------------

(လျှောက်ထားသူ၏ လက်မှတ်)

**နောက်ဆက်တွဲ (ဃ)**

ပုံစံ (၄)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြေသြဇာကော်မတီ

**မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်**

နေ့စွဲ၊ - -

၁။ ------------------------- ရက်စွဲပါ လျှောက်လွှာအမှတ်၊ ------------------ ဖြင့် မြေသြဇာထုတ်လုပ်ရန် မှတ်ပုံတင် လက်မှတ် လျှောက်ထားလာခြင်းအပေါ် မြေသြဇာဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ခ)အရ မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ခွင့်ပြုကြောင်း မှတ်ပုံတင် လက်မှတ် အမှတ်စဉ်---------------- ဖြင့် ထုတ်ပေးလိုက်သည်။

၂။ တာဝန်ခံ ထုတ်လုပ်သူအမည် --------------------------------------------

၃။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် --------------------------------------------

နိုင်ငံခြားသား မှတ်ပုံတင်အမှတ် --------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ --------------------------------------------

၅။ လုပ်ငန်းလိပ်စာ --------------------------------------------

၆။ မှတ်ပုံတင်ထားသော မြေသြဇာ

(က) အမည် --------------------------------------------

(ခ) စံချိန်စံညွှန်း --------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း --------------------------------------------

(၁) အမျိုးအစား --------------------------------------------

(၂) အရွယ်အစား --------------------------------------------

(၃) အသားတင်အလေးချိန် --------------------------------------------

၇။ ၃-နှစ် သက်တမ်းကုန်ဆုံးသည့်နေ့ --------------------------------------------

"**<u>မှတ်ချက်</u>**"။ ဤမှတ်ပုံတင်လက်မှတ်ရရှိသူသည် မြေသြဇာအား ထိရောက်စွာနှင့် အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးနှင့် ပတ်သက်၍ ထပ်မံသိရှိလာသော အချက်အလက်များအား တင်ပြရန် တာဝန်ရှိသည်။

**(ရုံးတံဆိပ်)**

( အတွင်းရေးမှူး )

## မြေသြဇာ ထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁။ မြေသြဇာကော်မတီက စစ်ဆေးအသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသော မြေသြဇာ ကိုသာ ထုတ်လုပ်ရမည်။

၂။ သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၃။ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေသြဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

**နောက်ဆက်တွဲ (င)**

ပုံစံ (၅)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြေဩဇာကော်မတီ

**ပြည်ပသို့ မြေဩဇာတင်ပို့ရန် မှတ်ပုံတင်လက်မှတ်**

နေ့စွဲ၊ - -

၁။ ------------------------- ရက်စွဲပါ လျှောက်လွှာအမှတ်၊ ------------------ ဖြင့် မြေဩဇာတင်ပို့ရန် မှတ်ပုံတင် လက်မှတ် လျှောက်ထားလာခြင်းအပေါ် မြေဩဇာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)အရ ပြည်ပသို့ တင်ပို့ရန် မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ------------------ ဖြင့် ထုတ်ပေးလိုက်သည်။

၂။ တာဝန်ခံ လျှောက်ထားသူ၏

(က) အမည် ---------------------------------------------

(ခ) လုပ်ငန်းလိပ်စာ ---------------------------------------------

၃။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------

၅။ မှတ်ပုံတင်ထားသော မြေဩဇာ

(က) အမည် ---------------------------------------------

(ခ) စံချိန်စံညွှန်း ---------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း ---------------------------------------------

(၁) အမျိုးအစား ---------------------------------------------

(၂) အရွယ်အစား ---------------------------------------------

(၃) အသားတင်အလေးချိန် ---------------------------------------------

၆။ ၃-နှစ် သက်တမ်းကုန်ဆုံးသည့်နေ့ ---------------------------------------------

**(ရုံးတံဆိပ်)**

( အတွင်းရေးမှူး )

## မြေသြဇာ တင်ပို့ခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁။ မြေသြဇာကော်မတီက စစ်ဆေးအသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသော မြေသြဇာ ကိုသာ ထုတ်လုပ်ရမည်။

၂။ သက်ဆိုင်ရာဦးစီးမှုးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၃။ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေသြဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

**နောက်ဆက်တွဲ (စ)**

ပုံစံ (၆)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
မြေဩဇာကော်မတီ

**ပြည်တွင်းသို့ မြေဩဇာတင်သွင်းရန် မှတ်ပုံတင်လက်မှတ်**

နေ့စွဲ၊ - -

၁။ ------------------------- ရက်စွဲပါ လျှောက်လွှာအမှတ်၊ ------------------ ဖြင့် မြေဩဇာ တင်သွင်းရန် မှတ်ပုံတင်လက်မှတ် လျှောက်ထားလာခြင်းအပေါ် မြေဩဇာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)အရ ပြည်တွင်းသို့တင်သွင်းရန် မှတ်ပုံတင်လက်မှတ် အမှတ်စဉ်၊ ----------------- ဖြင့် ထုတ်ပေးလိုက်သည်။

၂။ တာဝန်ခံ လျှောက်ထားသူ၏

(က) အမည် ---------------------------------------------

(ခ) ကုမ္ပဏီအမည် ---------------------------------------------

၃။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ---------------------------------------------

နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ---------------------------------------------

၅။ မှတ်ပုံတင်ထားသော မြေဩဇာ

(က) အမည် ---------------------------------------------

(ခ) စံချိန်စံညွှန်း ---------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း ---------------------------------------------

(၁) အမျိုးအစား ---------------------------------------------

(၂) အရွယ်အစား ---------------------------------------------

(၃) အသားတင်အလေးချိန် ---------------------------------------------

၆။ ၃-နှစ် သက်တမ်းကုန်ဆုံးသည့်နေ့ ---------------------------------------------

**(ရုံးတံဆိပ်)**

( အတွင်းရေးမှူး)

## မြေဩဇာ တင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁။ မြေဩဇာကော်မတီက စစ်ဆေးအသိအမှတ်ပြုထားသော စံချိန်စံညွှန်းနှင့်ကိုက်ညီသော မြေဩဇာ ကိုသာ ထုတ်လုပ်ရမည်။

၂။ သက်ဆိုင်ရာဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၃။ မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေဩဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေဩဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

နောက်ဆက်တွဲ (ဆ)

ပုံစံ (၁၂)

## မြေဩဇာအရည်အသွေးစစ်ဆေးရန် နမူနာရယူသည့်ပုံစံ

နေ့စွဲ၊ - -

၁။ တိုင်းဒေသကြီး/ပြည်နယ် ----------------------------------------------

၂။ မြို့နယ် ----------------------------------------------

၃။ မြေဩဇာလုပ်ငန်း

(က) အလုပ်ရုံ/သိုလှောင်ရုံ/ဆိုင်အမည် ----------------------------------------------

(ခ) ပိုင်ရှင်အမည် ----------------------------------------------

၄။ ထုတ်လုပ်/တင်သွင်း/တင်ပို့သည့်မြေဩဇာ

(က) အမည် ----------------------------------------------

(ခ) ကုန်တံဆိပ်အမှတ်အသား ----------------------------------------------

(ဂ) စံချိန်စံညွှန်း ----------------------------------------------

၅။ ထုတ်လုပ်/တင်သွင်း/တင်ပို့သူ

(က) အမည် ----------------------------------------------

(ခ) လိပ်စာ ----------------------------------------------

၆။ ထုပ်ပိုးထည့်သွင်းပစ္စည်း ----------------------------------------------

(က) အမျိုးအစား ----------------------------------------------

(ခ) အရွယ်အစား ----------------------------------------------

(ဂ) အသားတင်အလေးချိန် ---------------------------------------------

၇။ သိုလှောင်ထားသည့် အရေအတွက် ---------------------------------------------
(မက်ထရစ်တန်/လီတာ)

၈။ ထုပ်ပိုးထည့်သွင်းထားသည့်ပစ္စည်းများ၏ ---------------------------------------------
အခြေအနေနှင့် ပတ်သက်သည့် မှတ်ချက် ----------------------------------------------

၉။ ပြင်ပစစ်ဆေးမှုများ

(က) စစ်ဆေးသည့် ထုပ်ပိုးမှုအရေအတွက် ----------------------------------------------

(ခ) ဖော်ပြပါ စုစုပေါင်းအလေးချိန် ---------------------------------------------

၁၀။ ဓာတ်ခွဲခန်းအတွက် နမူနာများရယူခြင်း

(က) တစ်ကြိမ်ယူသည့် နမူနာပမာဏ --------------------------------------------

(ခ) မြေဩဇာနမူနာရယူမှုပုံစံ -------------------------------------------
(ကျဘမ်း/နံပါတ်စဉ်အလိုက်)

မှတ်ချက် - ဓာတ်ခွဲစစ်ဆေးရန်အတွက် အခဲ(သို့) အမှုန့်ဖြစ်ပါက အလေးချိန်(၁)ကီလိုဂရမ်၊ အရည်ဖြစ်ပါက (၁)လီတာ ပေးပို့ရပါမည်။

---------------------------------------- -------------------------------------

နမူနာရယူသူအမည်/တာဝန်နှင့်လက်မှတ် ပိုင်ရှင်အမည်နှင့်လက်မှတ်

**နောက်ဆက်တွဲ (ဇ)**

ပုံစံ(၁၃)

## မြေဩဇာသိုလှောင်ခြင်း လုပ်ငန်းလိုင်စင် လျှောက်လွှာ

နေ့စွဲ၊ ----------------

သို့

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန
နေပြည်တော်။

**အကြောင်းအရာ။ ။ စီးပွားရေးအလို့ငှာ မြေဩဇာ သိုလှောင်ခြင်းလုပ်ငန်း လိုင်စင်လျှောက်ထားခြင်း။**

စီးပွားရေးအလို့ငှာ မြေဩဇာ သိုလှောင်ခြင်း လုပ်ငန်းဆောက်ရွက်နိုင်ရေးအတွက် ခွင့်ပြုလိုင်စင် ထုတ်ပေးပါရန် လျှောက်ထားပါသည်။

၁။ လျှောက်ထားသူ
(က) အမည် ----------------------------------------------
(ခ) ကုမ္ပဏီ ----------------------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/ ----------------------------------------------
နိုင်ငံခြားသားမှတ်ပုံတင်အမှတ် ----------------------------------------------

၃။ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်း ----------------------------------------------

၄။ အမြဲတမ်းနေရပ်လိပ်စာ ----------------------------------------------

၅။ မြေဩဇာ သိုလှောင်မည့် နေရာ ----------------------------------------------
အဆောက်အဦးလိပ်စာ ----------------------------------------------
(က) အဆောက်အဦးအမျိုးအစား ----------------------------------------------
(အမိုး၊ အကာ၊ အခင်း)
(ခ) ဧရိယာအကျယ်အဝန်း ----------------------------------------------

၆။ သိုလှောင်မည့် မြေဩဇာ၏ အသေးစိတ်ဖော်ပြချက်----------------------------------------------
(က) အမည် ----------------------------------------------
(ခ) စံချိန်စံညွှန်း ----------------------------------------------
(ဂ) ထုပ်ပိုးပစ္စည်း ----------------------------------------------
(၁) အမျိုးအစား ----------------------------------------------
(၂) အရွယ်အစား ----------------------------------------------
(၃) အသားတင်အလေးချိန် ----------------------------------------------

၇။ နှစ်စဉ်ထုတ်လုပ်ရန် ခန့်မှန်းပမာဏ----------------------------------------------
(မက်ထရစ်တန်/ လီတာ )

၈။ ထုတ်လုပ်မည့် တာဝန်ရှိ ပုဂ္ဂိုလ်
(က) အမည် ----------------------------------------------
(ခ) ပညာအရည်အချင်း ----------------------------------------------
(ဂ) လုပ်ငန်းအတွေ့အကြုံ ----------------------------------------------

-------------------------
လျှောက်ထားသူ၏ လက်မှတ်

**နောက်ဆက်တွဲ (ဈ)**

ပုံစံ(၁၄)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန

နေ့စွဲ၊ ----------------

**မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်း ခွင့်ပြုလိုင်စင်**

၁။ ----------------- ရက်စွဲပါလျှောက်လွှာအမှတ် -------------------- ဖြင့် မြေသြဇာသိုလှောင်ခြင်းလုပ်ငန်းခွင့်ပြုလိုင်စင်ရရှိရန် လျှောက်ထားသော အောက်ဖော်ပြပါ မြေသြဇာကို လိုင်စင်အမှတ် --------------------- ဖြင့် မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မြေသြဇာ ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)အရ ခွင့်ပြုလိုက်သည်။

၂။ တာဝန်ခံ လျှောက်ထားသူ၏

(က) အမည် -----------------------------------------------------

(ခ) ကုမ္ပဏီ/လုပ်ငန်းအမည် -----------------------------------------------------

၃။ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် -----------------------------------------------------

နိုင်ငံခြားသား မှတ်ပုံတင်အမှတ် -----------------------------------------------------

၄။ သိုလှောင်မည့်လိပ်စာ -----------------------------------------------------

၅။ မြေသြဇာ သိုလှောင်ခြင်း လုပ်ငန်းလိုင်စင် ဆောင်ရွက်ခွင့်ပြုသောမြေသြဇာ

(က) အမည် -----------------------------------------------------

(ခ) စံချိန်စံညွှန်း -----------------------------------------------------

(ဂ) ထုပ်ပိုးပစ္စည်း -----------------------------------------------------

(၁) အမျိုးအစား -----------------------------------------------------

(၂) အရွယ်အစား -----------------------------------------------------

(၃) အသားတင်အလေးချိန် -----------------------------------------------------

၆။ လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့ -----------------------------------------------------

**(ရုံးတံဆိပ်)**

ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန

## မြေသြဇာ သိုလှောင်ခြင်းလုပ်ငန်း လိုင်စင်ရသူက လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ပြည်တွင်းတွင် သိုလှောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အလုပ်သမားများ၏ ကျန်းမာရေး၊ လူမှုရေး ကိစ္စများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၂။ မြေသြဇာများကို လူနေအိမ်အတွင်း သိုလှောင်ထားခြင်းမပြုရ။

၃။ မြေသြဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြ ရမည် -

(၁) တင်သွင်း၊ ထုတ်လုပ်၊ တင်ပို့ မှတ်ပုံတင်လက်မှတ် အမှတ်၊

(၂) အမှတ်တံဆိပ်၊

(၃) မြေသြဇာ၏ အသားတင်အလေးချိန်၊

(၄) အရည်အသွေးအာမခံချက်၊

(၅) မြေသြဇာတွင် ပါဝင်သည့် အပင်အာဟာရဓာတ် ရာခိုင်နှုန်း၊

(၆) ထုတ်လုပ်သည့် ကုမ္ပဏီ၊ လုပ်ငန်း၊ အသင်းအဖွဲ့အမည်၊ ထုတ်လုပ်ရာဒေသ၊ ထုတ်လုပ်သည့် ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ သိုလှောင်ထားရှိရမည့် နည်းစနစ်။

(၇) မြန်မာဘာသာဖြင့် ဖော်ပြထားသောသုံးစွဲရန် အညွှန်းစာနှင့်သတိပြုရန် အချက်များ။

(၈) လူနှင့်ပတ်ဝန်းကျင်တို့အား အန္တရာယ်ဖြစ်စေသော ပစ္စည်းများ ပါဝင်မှုမရှိခြင်း။

၄။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများကဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ကဖြစ်စေ လာ ရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည့်အပြင် လိုအပ်သည့် အကူအညီများကိုလည်း ပေးရမည်။

